# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၄**

**၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်**

**( ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက် )**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့၊(ရန်ကုန်ရုံးခွဲ)၊အမှတ်(၆၅)၊အဝေရာလမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်(သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာ ဝယ်ယူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့လည်းကောင်း၊ **Online** စနစ်ဖြင့် **e–Recruitment and Selection System(e –RSS ) (UCSB e–RSS Mobile Application နှင့် UCSB e–RSS Web Based)** တို့ကို အသုံးပြု၍ လည်းကောင်း၊ ၁၀ – ၁၁ – ၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည် –

(က) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

| **ဌာန** | **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|---|
| လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | ဆရာဝန် | ၁ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S.) |

( ခ ) **စက်မှုဝန်ကြီးဌာန**

| **ဌာန** | **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|---|
| မြန်မာ့ဆေးဝါး လုပ်ငန်း | အလုပ်ရုံခွဲမှူး | ၂ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S.) |

(ဂ) **ကျန်းမာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | ဆရာဝန် (သစ်လွင်) | ၂၅၀ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဆရာဝန် (သွားနှင့်ခံတွင်း) | ၅၀ နေရာ | သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) |
| (၂) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ဆရာဝန် (သွားနှင့်ခံတွင်း) (သရုပ်ပြ) | ၂၅ နေရာ | သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) |
| (၃) | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်) | ၆ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဦးစီးအရာရှိ (ဆေးဝါး) | ၅ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဦးစီးအရာရှိ (ဓာတ်ခွဲ) | ၄ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |

(ဃ) **အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| အားကစားနှင့်ကာယပညာဦးစီးဌာန | တာဝန်ခံဆရာဝန် | ၁၁ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S.) |

(င) **နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဆရာဝန် | ၂၀ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S.) |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ဆေးပညာဘွဲ့(M.B.,B.S.)နှင့်သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)နှင့်မြန်မာနိုင်ငံ ဆေးကောင်စီမှအသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ/သခ)ကိုင်ဆောင်ထားသူ(သို့မဟုတ်)အလုပ်သင် ဆရာဝန်ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန်ပြီး မြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီးမိတ္တူများကိုလျှောက်လွှာနှင့် အတူ ပူးတွဲပေးပို့ရမည်၊

( ဂ ) အားကစားနှင့်ကာယပညာဦးစီးဌာနရာထူးအတွက် လျှောက်ထားသူများသည် **၁၀–၁၁–၂၀၂၄ ရက်နေ့**တွင် ပြင်ပပုဂ္ဂိုလ်အသက် ၃၀ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊

( ဃ ) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွက် လျှောက်ထားသူများသည် ၁၀–၁၁–၂၀၂၄ ရက်နေ့တွင် ပြင်ပ ပုဂ္ဂိုလ်အသက် ၃၅ နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်၊

( င ) ကုသရေးဦးစီးဌာနအတွက် လျှောက်ထားသူများသည်–

- စတင်တာဝန်ထမ်းဆောင်သည့်ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင်တာဝန် ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ နေရာဒေသ မရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်၊

( စ ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအတွက် လျှောက်ထားသူများသည်–

- သင်ကြားရေးကိုဝါသနာပါပြီး မည်သည့်တက္ကသိုလ်တွင်မဆို သွားရောက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

- မိမိတို့တာဝန်ထမ်းဆောင်လိုသော ဘာသာရပ်ဌာနများကို ဦးစားပေးအစီအစဉ်အလိုက် ဘာသာရပ်ဌာန အားလုံးပါဝင်အောင် ဖြည့်သွင်းလျှောက်ထားရမည်၊
- ခန့်အပ်တာဝန်ပေးသည့်ဘာသာရပ်ဌာန၏မဟာသိပ္ပံဘွဲ့လွန်သင်တန်းကို ဖြေဆိုခြင်းမပြုဘဲ ကျန်ဘာသာရပ်များ၏ ဆေးပညာမဟာသိပ္ပံသင်တန်းကိုဖြေဆိုလိုပါက တာဝန်ချထားသည့် ဘာသာရပ်ဌာနတွင် လုပ်သက်(၂)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်ပြီးမှသာ ဖြေဆိုခွင့်ပြုမည်၊
- ဆရာဝန်(သွားနှင့်ခံတွင်း)(သရုပ်ပြ) ရာထူးအတွက် နောက်ဆုံးနှစ်(B.D.S)သင်တန်းကို တစ်ကြိမ်တည်းဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်၊
- အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်းထောက်ခံစာဖြင့်လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပို့ချိန်တွင် သခထုတ်ပေးရန်ထောက်ခံချက်ပေးမည်ဖြစ်ပါသည်။

(ဆ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအတွက် လျှောက်ထားသူများသည်-

- ဦးစီးအရာရှိ[အစားအသောက်/ဆေးဝါး/ဓာတ်ခွဲ]ရာထူးအတွက် လုပ်သက်(၃)နှစ်ကာလအတွင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်သက်ဆိုင်သော ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲကိုသာ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းအောင်မြင်ပြီးနောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အနည်းဆုံးလုပ်သက်(၃)နှစ်ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( ဇ ) အားကစားနှင့်ကာယပညာဦးစီးဌာနအတွက် လျှောက်ထားသူများသည်-

- တာဝန်ခံဆရာဝန်ရာထူးအတွက် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲ ဖြေဆိုခွင့်ကို လုပ်သက်သတ်မှတ်ချက်(၂)နှစ်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး သတ်မှတ်ကာလပြည့်အောင်တာဝန်ထမ်းဆောင်နိုင်ရမည်။

( ဈ ) ကျန်းမာရေးကောင်းမွန်ရမည်။

၃။ အထက်စာပိုဒ်(၁)ပါ ဝန်ကြီးဌာန(၅)ခုအနက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနည်းဥပဒေ ၂၁ဝ နည်းဥပဒေခွဲ(ဓ)အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းရှိပါကြောင်းနှင့် ကျန်ဝန်ကြီး ဌာနများအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်း ဖော်ပြထားရှိပါသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှအပ ကျန်ဌာန(၄)ခုအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက ရွေးချယ်မည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ **ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့်အရာထမ်းလောင်း(အထူး)သင်တန်းများသို့လတ်တလောတွင်တက်ရောက်စေခြင်း မပြုသေးဘဲ သက်ဆိုင်ရာဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ဦးစွာ ခန့်အပ်တာဝန်ပေးအပ်သွားမည် ဖြစ်ပါသည်။**

၅။ လျှောက်လွှာတင်သွင်းလိုသူများသည် မိမိတို့နှင့်သက်ဆိုင်သော ကိုယ်ရေးအချက်အလက်များကို **မှန်ကန်စွာဖြည့်သွင်း၍ အချိန်မီလျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့် အချက်အလက်များကို လိမ်လည်တင်ပြခြင်း၊ ထိမ်ချန်ထားခြင်းနှင့် မရိုးသားမှုတစ်ခုခုဖြင့် လျှောက်ထားခြင်း၊ ဖြေဆိုခြင်းတို့ကို စိစစ်တွေ့ရှိရပါက ပြန်တမ်းဝင်အရာရှိအဆင့် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပယ်ဖျက်ခြင်း၊ ရွေးချယ်ခံရသည့်တိုင် ရွေးချယ်သူများ၏အမည်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည့်အပြင် လိုအပ်ပါကဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ပါသည်။**လျှောက်ထားသူများအနေဖြင့်UCSB e-RSS Mobile Application ကို အသုံးပြု၍ Google Play Store နှင့် Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရန် (သို့မဟုတ်) UCSB e-RSS Web Based အသုံးပြု၍ e-recruitment . ucsb.gov.mm သို့ ဝင်ရောက်ကာ မှတ်ပုံတင်ပြုလုပ်ပြီး စနစ်တွင်ကိုယ်ပိုင် Account တစ်ခု တည်ဆောက်ရပါမည်။ မှတ်ပုံတင်ပြုလုပ်ရန်အတွက် လျှောက်ထားသူ၏ ကိုယ်ပိုင် e-mail ကို အသုံးပြုရမည်ဖြစ်ပါသည်။ အသုံးပြုရာတွင် မြန်မာယူနီကုဒ် (ပြည်ထောင်စုစာလုံး Pyidaungsu Font) တစ်မျိုးတည်းကိုသာ အသုံးပြုရပါမည်။ အသုံးပြုနည်း အသေးစိတ်ကို User Guide အား Download ရယူ၍ ဖတ်ရှုလေ့လာကာ စနစ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ **User Guide** နှင့် လျှောက်ထားသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်တို့ကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website – www.ucsb.gov.mm နှင့်Myanmar National Web Portal – www.myanmar.gov.mm**တို့တွင်လည်း **ဖော်ပြပေးထားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ဝယ်ယူဖတ်ရှုလေ့လာနိုင်ပါသည်။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀/– ပေးသွင်းရမည့်နည်းလမ်း၊စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။**

၇။ ကြော်ငြာပါလစ်လပ်ရာထူးအတွက် (၂)မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး **ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀/– (ကျပ်ငါးထောင်တိတိ)ကို သီးခြားစီပေးသွင်းထားသည့် ချလန်(၂)စောင်ဖြင့် ပူးတွဲဖော်ပြရမည်**ဖြစ်ပါသည်။

၈။ သတ်မှတ်စာမေးပွဲဝင်ကြေးငွေကို **Online Banking** (သို့မဟုတ်)**Manual** နည်းလမ်းနှစ်မျိုးဖြင့်ပေးသွင်းနိုင်ပါသည်။Online Banking စနစ်ဖြင့် ပေးသွင်းရာတွင် **CB Pay, Master, MPU, JCB, VISA** တို့ဖြစ်သော **payment method** (၅)မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။

၉။ လျှောက်ထားသူများသည် လျှောက်လွှာတင်သွင်းစဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်၊ အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ/သခ)၊ ဘွဲ့လက်မှတ်၊ အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်းထောက်ခံစာ (ဘွဲ့လက်မှတ်မရရှိသေးသူများ)၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများပူးတွဲတင်ပြရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူများ မပါရှိသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှစာမေးပွဲဝင်ကြေးပေးသွင်းထားသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှတင်သွင်းသူများကိုစနစ်မှ အလိုအလျောက် လက်ခံပေးမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၁၀။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ ကို ကျင့်သုံး၍ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့် အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။

၁၁။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါကပြည်ထောင်စုရာထူးဝန်အဖွဲ့၊ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉ - ၄၂၀၇၀၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊၀၉-၄၄၁၉၃၇၃၄၃နှင့်၀၉-၂၆၂၅၀၂၉၈၈)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၂။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များရှိသည့် ဌာနများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website ဖြစ်သည့် www.ucsb.gov.mm နှင့်Myanmar National Web Portal တို့တွင်လည်းဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**